# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
# မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
# နေပြည်တော်

**စိုက်ပျိုးရေးမိုးလေဝသစာစောင်**
**၂၀၂၃ ခုနှစ်၊ ဧပြီလ (ပထမ)ဆယ်ရက်ပတ်**
**နေပြည်တော် (၁၁-၄-၂၀၂၃)**

စိုက်ပျိုးရေး
မိုးလေဝသ
ဌာနခွဲ


**၂၀၂၃ ခုနှစ်၊ ဧပြီလ (ပထမ)ဆယ်ရက်ပတ်အတွင်း**
**တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် နေ့အပူချိန်များပြပုံ**
**(ဒီဂရီဖာရင်ဟိုက်)**




















## ၂၀၂၃ ခုနှစ်၊ ဧပြီလ (ပထမ) ဆယ်ရက်ပတ်အတွင်း မိုးလေဝသအခြေအနေ အကျဉ်းချုပ်နှင့် ၂၀၂၃ ခုနှစ်၊ ဧပြီလ (ဒုတိယ)ဆယ်ရက်ပတ်အတွက် မိုးလေဝသခန့်မှန်းချက်

### ၂၀၂၃ ခုနှစ်၊ ဧပြီလ (ပထမ)ဆယ်ရက်ပတ်အတွင်း မိုးလေဝသအခြေအနေအကျဉ်းချုပ်

၂၀၂၃ ခုနှစ်၊ ဧပြီလ (ပထမ)ဆယ်ရက်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေများပေါ်မူတည်၍ စိုက်ပျိုးရေးဆိုင်ရာ မိုးလေဝသအချက်အလက်များအကျဉ်းချုပ်ကို အောက်ပါအတိုင်း ဆန်းစစ်ဖော်ပြအပ်ပါသည်။

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး၊ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းခဲ့ပါသည်။

### မိုးရွာသွန်းမှုအခြေအနေ

၂၀၂၃ ခုနှစ်၊ ဧပြီလ (ပထမ)ဆယ်ရက်ပတ်အတွင်း မိုးရွာသွန်းမှုအခြေအနေများမှာ- မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဧပြီလ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှမိုးရေချိန်ခန့်သာရှိခဲ့ပြီး၊ ရခိုင်ပြည်နယ်တွင် ဧပြီလ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှမိုးရေချိန်ထက်ပိုခဲ့ကာ၊ စစ်ကိုင်းတိုင်းဒေသကြီး မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယား ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဧပြီလ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှမိုးရေချိန်တို့အောက် လျော့နည်းခဲ့ပါသည်။

***မိုးရွာရက်များအနေဖြင့်-*** ကချင်ပြည်နယ်(ပူတာအိုမြို့)တွင် (၅)ရက်၊ ရခိုင်ပြည်နယ်(မောင်းတောမြို့၊ ကျောက်တော်မြို့)တွင် (၃)ရက်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း(ခန္တီးမြို့၊ ဟုမ္မလင်းမြို့)၊ မကွေးတိုင်းဒေသကြီး (မင်းဘူးမြို့)၊ တနင်္သာရီတိုင်းဒေသကြီး(မြိတ်မြို့)၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် (၁)ရက်မှ (၂)ရက်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း(ကန့်ဘလူမြို့၊ စစ်ကိုင်းမြို့)၊ မန္တလေးတိုင်းဒေသကြီး(မိတ္ထီလာမြို့၊ မိုးကုတ်မြို့၊ မြင်းခြံမြို့၊ ရမည်းသင်းမြို့၊ ပျဉ်းမနားမြို့)၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးအနည်းငယ်ထစ်ချုန်း ရွာသွန်းခဲ့ပြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် ကရင် ပြည်နယ်တို့တွင် မိုးရွာသွန်းခဲ့ခြင်းမရှိပါ။

### အမြင့်ဆုံးအပူချိန်အခြေအနေ

၂၀၂၃ ခုနှစ်၊ ဧပြီလ (ပထမ)ဆယ်ရက်ပတ်အတွင်း ***(နေ့အပူချိန်)*** အခြေအနေများမှာ- ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဧပြီလ (ပထမ) ဆယ်ရက်ပတ်၏ ပျမ်းမျှအမြင့်ဆုံးအပူချိန်ခန့်သာရှိခဲ့ပြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)နှင့် တနင်္သာရီ တိုင်းဒေသကြီးတို့တွင် ဧပြီလ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှအမြင့်ဆုံးအပူချိန်တို့ထက် (၃)ဒီဂရီဖာရင်ဟိုက်စီနှင့် ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၁)ဒီဂရီဖာရင်ဟိုက်မှ (၂)ဒီဂရီဖာရင်ဟိုက်အထိ ပိုခဲ့ကာ၊ ချင်းပြည်နယ်တွင် ဧပြီလ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှအမြင့်ဆုံးအပူချိန်အောက် (၃)ဒီဂရီဖာရင်ဟိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်း ပြည်နယ်တောင်ပိုင်းတို့တွင် (၁)ဒီဂရီဖာရင်ဟိုက်မှ (၂)ဒီဂရီဖာရင်ဟိုက်အထိ လျော့နည်းခဲ့ပါသည်။

## အနိမ့်ဆုံးအပူချိန်အခြေ အနေ

၂၀၂၃ ခုနှစ်၊ ဧပြီလ (ပထမ)ဆယ်ရက်ပတ်အတွင်း ***(ညအပူချိန်)*** အခြေအနေများမှာ– စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် ဧပြီလ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှ အနိမ့်ဆုံးအပူချိန်ခန့်သာရှိခဲ့ပြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် မွန်ပြည်နယ်တို့တွင် ဧပြီလ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှအနိမ့်ဆုံးအပူချိန်တို့ထက် (၁)ဒီဂရီဖာရင်ဟိုက်မှ (၂)ဒီဂရီဖာရင်ဟိုက်အထိ ပိုခဲ့ကာ၊ ရခိုင်ပြည်နယ်တွင် ဧပြီလ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှအနိမ့်ဆုံးအပူချိန်အောက် (၉)ဒီဂရီဖာရင်ဟိုက်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင်(၅)ဒီဂရီဖာရင်ဟိုက်မှ (၆)ဒီဂရီဖာရင်ဟိုက်အထိ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် (၂)ဒီဂရီဖာရင်ဟိုက်မှ (၃)ဒီဂရီဖာရင်ဟိုက်အထိ လျော့နည်းခဲ့ကာ၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ကရင်ပြည်နယ်တို့တွင် (၁)ဒီဂရီဖာရင်ဟိုက်စီ လျော့နည်းခဲ့ပါသည်။

## လေထုအတွင်းရေငွေ့ပါဝင်မှုအခြေအနေ

၂၀၂၃ ခုနှစ်၊ ဧပြီလ (ပထမ)ဆယ်ရက်ပတ်အတွင်း (***လေထုစိုထိုင်းဆ)*** အခြေအနေများမှာ- မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် (၄၀%)မှ (၅၀%) အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် (၅၁%)မှ (၆၁%)အတွင်း၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၆၂%)မှ (၇၂%)အတွင်းနှင့် ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် (၇၃%) မှ (၈၂%)အတွင်း အသီးသီးရှိခဲ့ပါသည်။

## ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ

၂၀၂၃ ခုနှစ်၊ ဧပြီလ (ပထမ)ဆယ်ရက်ပတ်အတွင်း ***(ပင်ငွေ့ ရေငွေ့ပျံနှုန်း)*** အခြေအနေများမှာ- ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် (၄၀ မီလီမီတာ)မှ (၅၀ မီလီမီတာ)အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၅၁ မီလီမီတာ)မှ (၆၀ မီလီမီတာ)အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် (၆၁ မီလီမီတာ)မှ (၇၀ မီလီမီတာ)အတွင်းနှင့် မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် (၇၁ မီလီမီတာ)မှ (၈၀ မီလီမီတာ)အတွင်း အသီးသီးရှိခဲ့ပါသည်။

*(ဖြစ်နိုင်စွမ်းပင်ငွေ့ ရေငွေ့ပျံနှုန်းအား* **HARGREAVES METHOD** *ဖြင့် တွက်ချက်ထားပါသည်။)*

## မြေဆီလွှာအောင်းရေအခြေအနေ

၂၀၂၃ ခုနှစ်၊ ဧပြီလ (ပထမ)ဆယ်ရက်ပတ်အတွင်း (***မြေဆီလွှာစိုစွတ်မှု)*** အခြေအနေများမှာ- စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိခဲ့ပါသည်။

## ၂၀၂၃ ခုနှစ်၊ ဧပြီလ (ဒုတိယ)ဆယ်ရက်ပတ်အတွက် မိုးလေဝသခန့်မှန်းချက်

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပါသည်။

## မိုးအခြေအနေ

မိုးရွာသွန်းမှုအခြေအနေမှာ- နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

## မိုးရွာရက်

မိုးရွာရက်အနေဖြင့်- တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၃)ရက်မှ (၅)ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် (၁)ရက်မှ (၂)ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

## နေ့အပူချိန်

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် ဧပြီလ ပျမ်းမျှအပူချိန်၏ (၁.၅)ဒီဂရီစင်တီဂရိတ်နှင့်အထက် (သို့မဟုတ်) (၃၅)ဒီဂရီဖာရင်ဟိုက်နှင့်အထက် ပိုနိုင်ပြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဧပြီလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်ပါသည်။

**စိုက်ပျိုးရေးမိုးလေဝသဌာနခွဲ**

**နောက်ဆက်တွဲ(က)**

၂၀၂၃ ခုနှစ်၊ ဧပြီလ(ပထမ)ဆယ်ရက်ပတ်အတွင်း မိုးရွာသွန်းမှု၊ အပူချိန်၊ စိုထိုင်းဆနှင့် ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေနှင့် ပျမ်းမျှမှကွာဟချက်

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မြို့ | မိုးရေချိန် | ပျမ်းမျှမှကွာဟချက် | မိုးရွာရက် | အမြင့်ဆုံးအပူချိန် (ဒီဂရီဖာရင်ဟိုက်) | | အနိမ့်ဆုံးအပူချိန် (ဒီဂရီဖာရင်ဟိုက်) | | စိုထိုင်းဆ(%) | | ပင်ငွေ့ ရေငွေ့ ပျံနှုန်း(မမ) | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | (မမ) | (%) | | အမှန် | ကွာဟချက် | အမှန် | ကွာဟချက် | အမှန် | ကွာဟချက် | အမှန် | ကွာဟချက် |
| ၁။ | ကချင်ပြည်နယ် | မြစ်ကြီးနား | ၁၂ | -၇ | ၂ | ၈၉ | -၀.၈ | ၆၄ | -၁.၆ | ၆၃ | -၆.၁ | ၅၂ | ၃.၅ |
| ၂။ | ချင်းပြည်နယ် | ဟားခါး | ၁၆ | -၅ | ၂ | ၇၃ | -၃.၁ | ၄၄ | -၆.၁ | ၆၉ | ၁၇.၉ | ၄၀ | -၇.၈ |
| ၃။ | ရှမ်းပြည်နယ် (မြောက်) | လားရှိုး | ၈ | -၂၇ | ၁ | ၉၁ | ၀.၀ | ၅၈ | ၁.၇ | ၅၇ | -၁.၉ | ၆၁ | ၀.၀ |
| ၄။ | ရှမ်းပြည်နယ် (တောင်) | တောင်ကြီး | ၃ | -၅၈ | ၁ | ၈၄ | -၁.၃ | ၅၉ | -၀.၈ | ၄၀ | -၆.၁ | ၅၇ | ၀.၆ |
| ၅။ | ရှမ်းပြည်နယ် (အရှေ့) | ကျိုင်းတုံ | ၀ | -၁၀၀ | ၀ | ၉၄ | ၂.၅ | ၅၆ | -၅.၉ | ၅၃ | -၈.၄ | ၆၉ | ၁၀.၈ |
| ၆။ | ကယားပြည်နယ် | လွိုင်ကော် | Trace | -၁၀၀ | ၀ | ၉၃ | ၀.၄ | ၆၅ | ၀.၃ | ၅၂ | -၀.၅ | ၆၃ | ၀.၈ |
| ၇။ | ကရင်ပြည်နယ် | ဘားအံ | ၀ | -၁၀၀ | ၀ | ၁၀၀ | ၀.၀ | ၇၅ | -၀.၆ | ၇၇ | ၁၀.၄ | ၅၁ | -၆.၅ |
| ၈။ | မွန်ပြည်နယ် | မော်လမြိုင် | Trace | -၁၀၀ | ၀ | ၉၈ | ၀.၇ | ၇၇ | ၁.၀ | ၆၃ | -၂.၁ | ၅၄ | ၁.၄ |
| ၉။ | ရခိုင်ပြည်နယ် | စစ်တွေ | ၁၃ | ၁၂၀ | ၁ | ၉၂ | ၁.၁ | ၆၅ | -၈.၉ | ၈၂ | ၆.၀ | ၄၄ | ၃.၈ |
| ၁၀။ | မန္တလေးတိုင်းဒေသကြီး | မန္တလေး | ၀ | -၁၀၀ | ၀ | ၁၀၁ | -၁.၄ | ၇၃ | -၂.၁ | ၄၄ | -၉.၄ | ၇၁ | ၄.၃ |
| ၁၁။ | စစ်ကိုင်းတိုင်းဒေသကြီး(အထက်) | ကသာ | Trace | -၁၀၀ | ၀ | ၉၂ | -၀.၉ | ၆၁ | -၄.၈ | ၅၉ | -၇.၇ | ၅၉ | ၅.၄ |
| ၁၂။ | စစ်ကိုင်းတိုင်းဒေသကြီး(အောက်) | မုံရွာ | ၀ | -၁၀၀ | ၀ | ၁၀၀ | -၂.၀ | ၇၂ | ၀.၀ | ၅၅ | ၃.၄ | ၆၆ | -၄.၂ |
| ၁၃။ | မကွေးတိုင်းဒေသကြီး | မကွေး | ၀ | -၁၀၀ | ၀ | ၁၀၄ | -၀.၈ | ၆၇ | -၃.၄ | ၄၈ | -၂.၃ | ၈၀ | ၁.၂ |
| ၁၄။ | ပဲခူးတိုင်းဒေသကြီး (တောင်) | ပဲခူး | ၀ | -၁၀၀ | ၀ | ၁၀၂ | ၂.၂ | ၇၂ | ၀.၃ | ၇၇ | ၅.၄ | ၅၅ | -၀.၇ |
| ၁၅။ | ပဲခူးတိုင်းဒေသကြီး (အရှေ့) | တောင်ငူ | ၀ | -၁၀၀ | ၀ | ၁၀၃ | ၃.၅ | ၇၂ | -၂.၄ | ၆၆ | ၂.၀ | ၆၆ | ၅.၆ |
| ၁၆။ | ပဲခူးတိုင်းဒေသကြီး (အနောက်) | ပြည် | ၀ | -၁၀၀ | ၀ | ၁၀၅ | ၃.၃ | ၇၄ | -၁.၄ | ၆၈ | ၇.၀ | ၆၅ | ၁.၅ |
| ၁၇။ | ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန် | ၀ | -၁၀၀ | ၀ | ၁၀၀ | ၀.၄ | ၇၄ | ၀.၈ | ၆၆ | -၁.၀ | ၆၀ | ၀.၇ |
| ၁၈။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | ၀ | -၁၀၀ | ၀ | ၉၈ | -၀.၁ | ၇၃ | -၁.၃ | ၇၅ | ၆.၅ | ၅၂ | -၃.၃ |
| ၁၉။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | Trace | -၁၀၀ | ၀ | ၉၈ | ၂.၉ | ၇၃ | -၀.၅ | ၇၂ | ၀.၆ | ၅၄ | ၃.၈ |

**Trace - မိုးရွာသော်လည်း တိုင်းထွာရေတွက်နိုင်သော မိုးရေချိန်ပမာဏမရှိပါ။**

**မိုးရေချိန်(-၂၀%)နှင့် (+၂၀%)အကြားရှိပါက ပျမ်းမျှခန့်ဟု သတ်မှတ်ပါသည်။**

**၂၄နာရီအတွင်း ရွာသွန်းသော မိုးရေချိန် (၂မီလီမီတာနှင့်အထက်) မိုးရွာရက်(၁)ရက်ဟုသတ်မှတ်ပါသည်။**

**နောက်ဆက်တွဲ(ခ)**

၂၀၂၃ ခုနှစ်၊ ဧပြီလ(ပထမ)ဆယ်ရက်ပတ်အတွင်း မြေဆီလွှာစိုစွတ်မှုအခြေအနေ

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မိုးရေချိန် | ဖြစ်နိုင်စွမ်း ပင်ငွေ့ ရေငွေ့ ပျံနှုန်း | အမှန် ပင်ငွေ့ ရေငွေ့ ပျံနှုန်း | မြေဆီလွှာစိုစွတ်မှု အခြေအနေ(မမ) | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | (မမ) | (မမ) | (မမ) | စုဆောင်း | ပိုရေ | လိုရေ | |
| ၁။ | ကချင်ပြည်နယ် | ၁၂ | ၅၂ | ၁၂ | ၀ | ၀ | ၄၀ | ခြောက်သွေ့ |
| ၂။ | ချင်းပြည်နယ် | ၁၆ | ၄၀ | ၁၆ | ၀ | ၀ | ၂၄ | ခြောက်သွေ့ |
| ၃။ | ရှမ်းပြည်နယ်(မြောက်) | ၈ | ၆၁ | ၈ | ၀ | ၀ | ၅၃ | ခြောက်သွေ့ |
| ၄။ | ရှမ်းပြည်နယ်(တောင်) | ၃ | ၅၇ | ၃ | ၀ | ၀ | ၅၄ | ခြောက်သွေ့ |
| ၅။ | ရှမ်းပြည်နယ်(အရှေ့) | ၀ | ၆၉ | ၀ | ၀ | ၀ | ၆၉ | ခြောက်သွေ့ |
| ၆။ | ကယားပြည်နယ် | Trace | ၆၃ | ၀ | ၀ | ၀ | ၆၃ | ခြောက်သွေ့ |
| ၇။ | ကရင်ပြည်နယ် | ၀ | ၅၁ | ၀ | ၀ | ၀ | ၅၁ | ခြောက်သွေ့ |
| ၈။ | မွန်ပြည်နယ် | Trace | ၅၄ | ၀ | ၀ | ၀ | ၅၄ | ခြောက်သွေ့ |
| ၉။ | ရခိုင်ပြည်နယ် | ၁၃ | ၄၄ | ၁၃ | ၀ | ၀ | ၃၁ | ခြောက်သွေ့ |
| ၁၀။ | မန္တလေးတိုင်းဒေသကြီး | ၀ | ၇၁ | ၀ | ၀ | ၀ | ၇၁ | ခြောက်သွေ့ |
| ၁၁။ | စစ်ကိုင်းတိုင်းဒေသကြီး(အထက်) | Trace | ၅၉ | ၀ | ၀ | ၀ | ၅၉ | ခြောက်သွေ့ |
| ၁၂။ | စစ်ကိုင်းတိုင်းဒေသကြီး(အောက်) | ၀ | ၆၆ | ၀ | ၀ | ၀ | ၆၆ | ခြောက်သွေ့ |
| ၁၃။ | မကွေးတိုင်းဒေသကြီး | ၀ | ၈၀ | ၀ | ၀ | ၀ | ၈၀ | ခြောက်သွေ့ |
| ၁၄။ | ပဲခူးတိုင်းဒေသကြီး(တောင်) | ၀ | ၅၅ | ၀ | ၀ | ၀ | ၅၅ | ခြောက်သွေ့ |
| ၁၅၊ | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ၀ | ၆၆ | ၀ | ၀ | ၀ | ၆၆ | ခြောက်သွေ့ |
| ၁၆။ | ပဲခူးတိုင်းဒေသကြီး(အနောက်) | ၀ | ၆၅ | ၀ | ၀ | ၀ | ၆၅ | ခြောက်သွေ့ |
| ၁၇။ | ရန်ကုန်တိုင်းဒေသကြီး | ၀ | ၆၀ | ၀ | ၀ | ၀ | ၆၀ | ခြောက်သွေ့ |
| ၁၈။ | ဧရာဝတီတိုင်းဒေသကြီး | ၀ | ၅၂ | ၀ | ၀ | ၀ | ၅၂ | ခြောက်သွေ့ |
| ၁၉။ | တနင်္သာရီတိုင်းဒေသကြီး | Trace | ၅၄ | ၀ | ၀ | ၀ | ၅၄ | ခြောက်သွေ့ |

**(ဖြစ်နိုင်စွမ်း ပင်ငွေ့ရေငွေ့ပျံနှုန်းအား HARGREAVES METHOD ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။**

**နောက်ဆက်တွဲ(ဂ)**

## ၂၀၂၃ ခုနှစ်၊ ဧပြီလ (ဒုတိယ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးဆိုင်ရာမိုးလေဝသ (ပျမ်းမျှ) အချက်အလက်ခန့်မှန်းချက်များ

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မြို့ | အမြင့်ဆုံး အပူချိန် | အနိမ့်ဆုံး အပူချိန် | ပျမ်းမျှ အပူချိန် | စိုထိုင်းဆ | ပင်ငွေ့ ရေငွေ့ ပျံနှုန်း |
|---|---|---|---|---|---|---|---|
| | | | ဒီဂရီ ဖာရင်ဟိုက် | ဒီဂရီ ဖာရင်ဟိုက် | ဒီဂရီ ဖာရင်ဟိုက် | ပျမ်းမျှ (%) | (မမ/၁၀-ရက်) |
| ၁။ | ကချင်ပြည်နယ် | မြစ်ကြီးနား | ၉၁ | ၆၈ | ၈၀ | ၇၄ | ၄၈ |
| ၂။ | ချင်းပြည်နယ် | ဟားခါး | ၇၇ | ၅၂ | ၆၅ | ၅၉ | ၄၅ |
| ၃။ | ရှမ်းပြည်နယ်(မြောက်) | လားရှိုး | ၉၂ | ၅၉ | ၇၆ | ၆၀ | ၆၀ |
| ၄။ | ရှမ်းပြည်နယ်(တောင်) | တောင်ကြီး | ၈၅ | ၆၂ | ၇၄ | ၅၃ | ၅၂ |
| ၅။ | ရှမ်းပြည်နယ်(အရှေ့) | ကျိုင်းတုံ | ၉၃ | ၆၄ | ၇၉ | ၉၁ | ၅၈ |
| ၆။ | ကယားပြည်နယ် | လွိုင်ကော် | ၉၃ | ၆၇ | ၈၀ | ၅၆ | ၅၉ |
| ၇။ | ကရင်ပြည်နယ် | ဘားအံ | ၁၀၀ | ၇၆ | ၈၈ | ၆၈ | ၅၅ |
| ၈။ | မွန်ပြည်နယ် | မော်လမြိုင် | ၉၆ | ၇၆ | ၈၆ | ၆၇ | ၅၁ |
| ၉။ | ရခိုင်ပြည်နယ် | စစ်တွေ | ၉၂ | ၇၅ | ၈၄ | ၇၅ | ၄၀ |
| ၁၀။ | မန္တလေးတိုင်းဒေသကြီး | မန္တလေး | ၁၀၃ | ၇၇ | ၉၀ | ၅၅ | ၆၅ |
| ၁၁။ | စစ်ကိုင်းတိုင်းဒေသကြီး (အထက်) | ကသာ | ၉၅ | ၆၉ | ၈၂ | ၆၈ | ၅၄ |
| ၁၂။ | စစ်ကိုင်းတိုင်းဒေသကြီး (အောက်) | မုံရွာ | ၁၀၃ | ၇၄ | ၈၉ | ၅၅ | ၆၉ |
| ၁၃။ | မကွေးတိုင်းဒေသကြီး | မကွေး | ၁၀၆ | ၇၃ | ၉၀ | ၅၁ | ၇၇ |
| ၁၄။ | ပဲခူးတိုင်းဒေသကြီး (တောင်) | ပဲခူး | ၁၀၂ | ၇၄ | ၈၈ | ၇၃ | ၅၈ |
| ၁၅။ | ပဲခူးတိုင်းဒေသကြီး (အရှေ့) | တောင်ငူ | ၁၀၀ | ၇၆ | ၈၈ | ၆၆ | ၅၈ |
| ၁၆။ | ပဲခူးတိုင်းဒေသကြီး (အနောက်) | ပြည် | ၁၀၂ | ၇၇ | ၉၀ | ၆၂ | ၆၂ |
| ၁၇။ | ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန် | ၁၀၀ | ၇၅ | ၈၈ | ၆၈ | ၅၆ |
| ၁၈။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | ၉၈ | ၇၆ | ၈၇ | ၆၈ | ၅၃ |
| ၁၉။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | ၉၅ | ၇၄ | ၈၅ | ၇၂ | ၄၈ |